# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## စတုတ္ထနေ့ အစီအစဉ်

## [ ၂၂–၁–၂၀၁၅ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ ကော်မတီအမည်နှင့် တာဝန်ပြင်ဆင်သတ်မှတ်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **ပေါက်မြို့အဝင် ကျားသိုက်ရိုး တံတားဟောင်းနှင့် အပြိုင်တံတားသစ်တည်ဆောက်၍ စိုက်ပျိုးရေး ဦးစီးဌာနပိုင် ရုံးဝင်းမြေ အစိတ်အပိုင်းအချို့ကို လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **သက်ပြည့်အငြိမ်းစားယူရသည့် အချိန်ထက် ကျော်လွန်တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအား ကျော်လွန်တာဝန်ထမ်းဆောင်ခဲ့သော ကာလ၏ လစာငွေ ပြန်လည် ပေးသွင်းနိုင်ခြင်းကို ကင်းလွတ်ခွင့်ပေးရန်နှင့် ယင်းဝန်ထမ်းများ အတွက် မည်သို့သော သက်သာခွင့်များပေးရန် ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတင်ထွေး၊ အုတ်ဖို မဲဆန္ဒနယ်၏ **အုတ်ဖိုမြို့နယ်တွင် သစ်ခွဲသား အရောင်းဆိုင်နှင့် နိုင်ငံပိုင်(သို့) ပုဂ္ဂလိကပိုင် သစ်ခွဲစက်များကို ဥပဒေနှင့်အညီ ခွင့်ပြုပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်ဌေးကြွယ်၊ မော်လမြိုင် မဲဆန္ဒနယ်၏ **စက်ရုံများမှ ထွက်ရှိသော ရေဆိုးများအား အတ္တရံမြစ်အတွင်းသို့ စွန့်ထုတ်နေမှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အား ထိခိုက်မှု ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **မြောင်မြို့နယ် အားကစားရုံ ပြုပြင် တည်ဆောက်ခြင်း လုပ်ငန်းအတွက် ငွေလုံးငွေရင်း ခွင့်ပြုငွေ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **“ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **“တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်း ဆိုင်ရာ ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။